# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

EMReF
Enlightened Myanmar
Research Foundation

အမှတ် (၃၃)၊ ဇွန် ၂၇ ရက်၊ ၂၀၁၇




## ဒုတိယအကြိမ် မွန်လွှတ်တော် ယနေ့အထိ မေးခွန်း ၁၆၀ ခုနှင့် အဆို ၃၀ ခု မေးမြန်းတင်သွင်းထား

ဇွန် ၂၃၊ ၂၀၁၇

NLD အစိုးရလက်ထက် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်သက်တမ်း တစ်နှစ်ကျော်အတွင်းတွင် မေးခွန်း(၁၆၀)ခုနှင့် အဆို(၃၀)ခု မေးမြန်းတင်သွင်းဆွေးနွေးခဲ့ကြောင်း လွှတ်တော်ရုံး၏မှတ်တမ်းများအရ သိရသည်။

လွှတ်တော်တွင်တင်သွင်းခဲ့သည့် အဆိုပေါင်း(၃၀)ခုမှ မော်လမြိုင်ကမ်းနားလမ်း အပိုင်း(၆)စီမံကိန်း ဆောင်ရွက်ထားရှိမှုအား ပြန်လည်စိစစ်ရန် တိုက်တွန်းကြောင်းအဆိုနှင့် ယာယီရွှေ့ပြောင်းအလုပ်သမားများကို အိမ်ထောင်စုစာရင်း ထုတ်ပေးသည့်ကိစ္စအား ရပ်ဆိုင်းပေးရန် တိုက်တွန်းကြောင်းအဆို ၎င်းအဆို(၂)ခုကို မှတ်တမ်းတင်ထားခဲ့ပြီး ကျန်အဆိုများအား အတည်ပြုနိုင်ခဲ့သည်။

ပြီးခဲ့သည့် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင်လည်း အဆို(၆)ခုတင်သွင်းခဲ့ရာ (၅)ခုကို အတည်ပြုခဲ့ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အမှန်တကယ် ရသင့်ရထိုက်သည့် အခွန်အကောက်များ စည်းကြပ်နိုင်ရေးတိုက်တွန်းကြောင်းအဆိုတွင် ခေတ်မီနည်းပညာနှင့် စည်းကြပ်ကောက်ခံရန်မှာ ပြည်ထောင်စုအဆင့်ကသာ ဆွေးနွေးနိုင်ခြင်းကြောင့် ပယ်ဖျက်ခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်တွင် အဆိုနှင့်မေးခွန်းများအပြင် ဆဋ္ဌမပုံမှန်အစည်းအဝေး၌ ပြဋ္ဌာန်းသည့် စည်ပင်သာယာရေးဥပဒေအပါအဝင် ဥပဒေ(၅)ခုနှင့် နည်းဥပဒေ(၄)ခု ပြဋ္ဌာန်းခဲ့ပြီးကြောင်း သိရသည်။ **(ကိုးကား- မွန်သတင်းအေဂျင်စီ)**

### ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အဆိုနှင့်မေးခွန်းအရေအတွက်ပြဇယား (၁-၂-၂၀၁၆ မှ ၂၁-၆-၂၀၁၇ အထိ)

| လွှတ်တော် အစည်းအဝေး | အဆို | မေးခွန်း |
|---|---|---|
| ပထမပုံမှန် | ၁ | - |
| အထူးအစည်းအဝေး | ၅ | ၁၇ |
| ဒုတိယပုံမှန် | ၅ | ၂၀ |
| တတိယပုံမှန် | ၈ | ၂၆ |
| စတုတ္ထပုံမှန် | ၄ | ၃၂ |
| ပဉ္စမပုံမှန် | ၁ | ၂၈ |
| ဆဋ္ဌမပုံမှန် | ၆ | ၃၇ |
| စုစုပေါင်း | ၃၀ | ၁၆၀ |

## ကတိကဝတ်များ ထိရောက်စွာ အကောင်အထည်ဖော်ရေး တနင်္သာရီလွှတ်တော် အဆိုတင်မည်

ဇွန် ၂၆၊ ၂၀၁၇

လွှတ်တော်သက်တမ်း တစ်နှစ်ကျော်အတွင်း ကတိကဝတ်ဖြစ်ခဲ့သည့် မေးခွန်းများ၊ အောင်မြင်ခဲ့သည့်အဆိုများအား ထိရောက်စွာ အကောင်အထည်ဖော်ရန် တိုက်တွန်းကြောင်းအဆိုကို ဇွန်လ ၂၈ ရက်တွင် စတင်ကျင်းပမည့် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တော်အတွင်း ကိုယ်စားလှယ်များမေးခဲ့သည့် မေးခွန်းများအောင်မြင်ခဲ့သည့်အဆိုများအနက် အချို့အား အစိုးရအဖွဲ့မှ ထိထိရောက်ရောက် လုပ်စေချင်သည့်အတွက် ယင်းအဆိုကို တင်သွင်းရခြင်းဖြစ်ကြောင်း အဆိုတင်သွင်းမည့် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးတိုးလွင် (ကျွန်းစု-၂)က ပြောသည်။

တိုင်းလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို ဇွန်လ ၂၈၊ ၂၉၊ ၃၀၊ ဇူလိုင်လ ၃ ရက်တို့တွင်ကျင်းပရန် လျာထားပြီး အထက်ပါ အဆို ၁ ခု၊ မေးခွန်း ၃၄ ခု၊ ဥပဒေသစ် ၂ ခုတင်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း တိုင်းလွှတ်တော် ဒု-ဥက္ကဋ္ဌထံမှ သိရသည်။

ဒုတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်၏ တစ်နှစ်ကျော်သက်တမ်းအတွင်း လွှတ်တော်အစည်းအဝေး ကျင်းပရက်နည်းခြင်းနှင့် လွှတ်တော်ကတိကဝတ်များ အစိုးရအဖွဲ့မှ အကောင်အထည်ဖော်မှုနည်းပါးခြင်းအပေါ် တိုင်းအတွင်း နိုင်ငံရေးလေ့လာစောင့်ကြည့်သူများက ဝေဖန်နေကြသည်။ **(ကိုးကား- တနင်္သာရီဂျာနယ်)**

# တစ်နှစ်တာအတွင်း ကယားပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ စွမ်းဆောင်ချက် အားမရ

**ဇွန် ၁၇၊ ၂၀၁၇**

၂၀၁၆-၁၇ အတွင်း ဆောင်ရွက်ခဲ့သော ကယားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ရေးရာကော်မတီများ၏ စွမ်းဆောင်ချက်များကို မတ်လ ၂၈ ရက်နေ့ရက်စွဲဖြင့် ကယားပြည်နယ်လွှတ်တော်မှ ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်တွင် ကယားပြည်နယ်လွှတ်တော်၌ မေးမြန်းခဲ့သည့် မေးခွန်းအရေအတွက်နှင့် အဆိုအရေအတွက်များကို ကိုယ်စားလှယ်အမည်နှင့် မဲဆန္ဒနယ်များအလိုက်ဖော်ပြထားရာ စုစုပေါင်းအဆို (၇)ခုနှင့် မေးခွန်း(၄၄)ခုရှိ သည်။

ကယားပြည်နယ်လွှတ်တော်တွင် စုစုပေါင်းကိုယ်စားလှယ် ၁၈ ဦးရှိသည့်အနက် ၈ ဦးက မေးခွန်းများမေးမြန်း ခဲ့ပြီး ကျန် ၁၀ ဦးမှာမေးခွန်းမေးမြန်းခဲ့ခြင်းမရှိပေ။ ထို့ပြင် ကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံက မည်သည့်အဆိုမျှ မတင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ကိုယ်စားလှယ် ၁၈ ဦးတွင် ၄ ဦးကသာ အဆိုတင်သွင်းခဲ့ပြီး ကျန် ၁၄ ဦးမှာ အဆိုမရှိဟု ဖော်ပြထားသည်။

မေးခွန်းနှင့်အဆိုတင်သွင်းခြင်း မရှိသူများမှာ တပ်မတော်သားကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးတာဝန် ပူးတွဲထမ်းဆောင်ထားသူ ကိုယ်စားလှယ်များဖြစ်ကြောင်း တွေ့ရသည်။ ရေးရာကော်မတီများ၏ ဆောင်ရွက်ချက်များတွင် အစည်းအဝေး၊ ကွင်းဆင်းခြင်း၊ အစီရင်ခံစာနှင့် ကြားနာပွဲပြုလုပ်သည့် အရေအတွက်များ ပါဝင်ပြီး ကော်မတီ(၆)ခုအနက် တိုင်စာပစ်စာ လေ့လာဆန်းစစ်ရေးအဖွဲ့သည် ကြားနာပွဲ ၈ ကြိမ်ထိ ပြုလုပ်ထားပြီးဖြစ်သည်။ ပြည်သူ့ငွေစာရင်း စောင့်ကြည့်စစ်ဆေးရေးကော်မတီ က ၂၅ ကြိမ် ကွင်းဆင်းဆောင်ရွက်ထားကြောင်း တွေ့ရသည်။

သို့သော် ကယားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နှစ်တာ ဆောင်ရွက်ချက်နှင့် မေးခွန်းများ၊ အဆိုများတင်သွင်းမှုအခြေအနေသည် အားရဖွယ်မရှိကြောင်းနှင့် ၎င်းတို့မဲဆန္ဒနယ်အတွက် အားကိုးအားထားပြုရမှု နည်းပါးနေသေးသည်ဟု လေ့လာမှုများအရ သိရသည်။

**(ကိုးကား- ကယားပြည်နယ်လွှတ်တော်ဖေ့စ်ဘွတ်၊ ကန္တာရဝတီတိုင်းမ်)**

# သတင်းတို



● စည်ပင်သာယာရေး ဥပဒေအသစ်ရေးဆွဲရန် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကော်မတီ အစည်းအဝေးခန်းမတွင် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် စီးပွားကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးကော်မတီတို့ ဇွန် ၂၁ ရက်တွင် ဆွေးနွေးခဲ့ကြသည်။ ယခုအခါ ဥပဒေကြမ်းပါ အခန်း (၆) အထိ ဆွေးနွေးပြီးဖြစ်ကာ ပြည်သူများအနေဖြင့် အကြံပြုစာများပေးပို့လိုပါက စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီသို့လိပ်မူ၍ ဇူလိုင်လကုန် နောက်ဆုံးထားပေးပို့နိုင်သည်ဟု သိရသည်။

**(ကိုးကား- ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်)**

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
သတင်းစာစဉ်

စုစည်းတင်ပြသူ
ပညာအလင်းပွင့်မြန်မာ သုတေသနဖောင်ဒေးရှင်း

ဆက်သွယ်ရန်
၀၉-၂၆၁၆၅၄၀၄၅

www.emref.org

www.facebook.com/emrmyanmar



# သတင်းဓာတ်ပုံ

ကယားပြည်နယ်လွှတ်တော်၊ တိုင်စာပစ်စာ လေ့လာဆန်းစစ်ရေးကော်မတီက မထောခူကျေးရွာအုပ်စု သတ္တပလူကျေးရွာနေ တောင်သူများ၏ လယ်ယာမြေပြဿနာများအတွက် ဇွန်လ ၁၄ ရက်နေ့က ကြားနာပွဲ ပြုလုပ်ခဲ့သည်။ **(ကိုးကား- ကယားပြည်နယ်လွှတ်တော် ဖေ့စ်ဘွတ်)**

# လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းအစိုးရ၊ ဌာနဆိုင်ရာ ခွင့်ပြုချက်များ စောင့်ဆိုင်းနေရ၍ တိုင်ကြားစာများ ချက်ချင်းမဖြေရှင်းနိုင်ခဲ့

**ဇွန် ၂၅၊ ၂၀၁၇**

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်သက်တမ်း ၁ နှစ်ကျော် ကာလအတွင်း ပြည်သူလူထုက တိုင်ကြားသည့် တိုင်ကြားစာများကို ဖြေရှင်းရာတွင် အားနည်းချက်များရှိနေသည့်အပြင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ အားထုတ်မှုတွင်လည်း အားနည်းမှုများရှိနေသည်ဟု လွှတ်တော် ကိုယ်စားလှယ်များကြား၌ ဝေဖန်မှုများ ရှိနေသည်။

တိုင်ကြားစာတစ်စောင် ရသည်ဆိုပါက လွှတ်တော်ဥက္ကဋ္ဌထံတွင် ကွင်းဆင်းစစ်ဆေးခွင့် တောင်းခံရသည်။ ထို့နောက် ဥက္ကဋ္ဌမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရသို့လည်းကောင်း၊ အစိုးရမှ သက်ဆိုင်ရာဌာနသို့လည်းကောင်း အကြောင်းကြား စီစဉ်ပြီးမှသာ လွှတ်တော်ကော်မတီက ကွင်းဆင်းစစ်ဆေးနိုင်ပြီး ယင်းသို့ အဆင့်ဆင့်ဖြတ်သန်းနေရခြင်းကြောင့် တိုင်ကြားစာများကို ချက်ချင်းဖြေရှင်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲ အားနည်းချက်များဖြစ်ရသည်ဟု ရန်ကုန်တိုင်းလွှတ်တော်ကိုယ်စားလှယ် လူမှုရေးနှင့်စီမံခန့်ခွဲရေးကော်မတီဝင် ဦးလှဌေးက ပြောသည်။ ထို့ပြင် အချို့က တိုင်ကြားစာကို ကော်မတီသို့တိုက်ရိုက်မပို့ဘဲ လွှတ်တော်ဥက္ကဋ္ဌထံပို့သည့် တိုင်ကြားစာများရှိရာ ယင်းတို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကော်မတီက ပြန်လည်စိစစ်ရသည့်အတွက် ကြန့်ကြာမှုရှိနေသည်ဟု ၎င်းကဆိုသည်။




**တိုင်ကြားမှုများနှင့်ပတ်သက်ပြီး လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှ လှိုင်သာယာမြို့နယ်တွင် စိစစ်ဆောင်ရွက်စဉ်။**

လက်ရှိအချိန်တွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကော်မတီသို့ တိုင်ကြားထားသော တိုင်ကြားစာ ၁၅၀ ခန့်ရှိပြီး ပြည်သူလူထုအတွက် ဖြေရှင်းပေးနိုင်သည့် တိုင်ကြားစာ ၁၂၅ စောင်ရှိသည်ဟု သိရသည်။

ထိုမျှသာမက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတကယ်စိတ်ပါဝင်စားသည့်၊ မိမိလည်း ကျွမ်းကျင်သည့်နယ်ပယ်တွင်သာ လုပ်ဆောင်စေချင်ပြီး ထိုသို့ အာရုံစူးစိုက်လုပ်ဆောင်ခြင်းမရှိပါက တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်တွင်သာမက လွှတ်တော်ရေးရာကော်မတီများတွင်ပါ အားနည်းမှုများဖြစ်ပေါ်သည်ဟု တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦး(ပန်းဘဲတန်း-၂) က ဆိုသည်။

**(ကိုးကား- ဒီဗွီဘီတီဗီသတင်း)**

# အစိုးရမှ ဖွဲ့စည်းပုံပြင်ဆင်ရေး အသံတိတ်နေမှုကို SNLD ကိုယ်စားလှယ် မေးခွန်းထုတ်

**ဇွန် ၁၄၊ ၂၀၁၇**

NLD အစိုးရသည် လက်ရှိလွှတ်တော်တွင်းနှင့် လွှတ်တော်ပြင်ပတို့တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ အသံတိတ်ဆိတ်နေသည်ဟု SNLD ပါတီ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိုင်းလင်းမြတ်(မိုင်းရှူး-၁)က ပြောသည်။

NLD ပါတီအနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ရန် ရှိမရှိ၊ ရှိခဲ့လျှင် မည်သည့်အချိန်တွင် ပြင်သွားမည်နည်းဟု ဇွန်လ ၁၀ ရက်နေ့က တောင်ကြီးမြို့၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ တွေ့ဆုံပွဲတွင် ၎င်းကမေးမြန်းခဲ့သည်။

"ဒါကိုမပြင်ဘူးလို့မပြောဘူး၊ ကျွန်တော်တို့ နိုင်ပြီးပြီးချင်းပြင်မယ်လို့လည်း မပြောဘူး။ နံပါတ်(၂)ဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးပြီးမှ နံပါတ်(၃)နေရာမှာရှိတာပါ၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုရှိမှ ပြင်လို့ရမယ်လို့ သဘောပေါက်ထားတယ်၊ ကိုယ့်ဘာသာကိုယ်ပြင်လို့ရတယ် မရဘူးဆိုတာ ၂၀၀၈ ဖွဲ့စည်းပုံရဲ့ အခန်း(၁၂) ပုဒ်မ ၄၃၆ (က)(ခ)က ကန့်သတ်ချက်အရ ကျွန်တော်တို့ သဘောပေါက်ထားတယ်"ဟု ဦးဝင်းမြင့်က ပြန်လည်ဖြေကြားခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်း၊ အဆို၊ မေးမြန်းခြင်းနှင့် ပတ်သက်၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိစေရန်၊ သက်ဆိုင်ရာ ကိုယ်စားလှယ်၏ ပါတီမူဝါဒနှင့် ကိုက်ညီမှုရှိစေရန်လည်း ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။

"ငြိမ်းချမ်းရေးရမှ ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်မယ်ဆိုတဲ့ပုံစံမျိုး ပြောတယ်။ ကျွန်တော့်အမြင်ကတော့ ဒီ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ငြိမ်းချမ်းရေးမရသေးတာလား။ ငြိမ်းချမ်းရေးရဖို့ အခွင့်အရေးတွေ၊ ရပိုင်ခွင့်တွေ၊ ဘယ်လိုမျိုးကန့်သတ်မှုတွေရှိနေသလဲဆိုတာကိုပြန်စဉ်းစားသင့်တယ်လို့ ကျွန်တော်ထင်တယ်"ဟု စိုင်းလင်းမြတ်က မီဒီယာများသို့ ပြောသည်။

တိုင်းရင်းသားများ၏ ရပိုင်ခွင့်များကို အာမခံချက်ပေးနိုင်သော အစိတ်အပိုင်းများအား ပြင်ဆင်နိုင်မည်ဆိုပါက ငြိမ်းချမ်းရေးကို ဦးတည်နိုင်သည်ဟု ထင်မြင်မိကြောင်း ၎င်းက ဆိုသည်။

NLD ပါတီသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်မည့်ကိစ္စနှင့် ပတ်သက်၍ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ ယှဉ်ပြိုင်စဉ်ကပင် ဆောင်ရွက်မည်ဟု ပြောကြားထားခဲ့ပြီး ၁။ တရားဥပဒေစိုးမိုးရေး၊ ၂။ ပြည်တွင်းငြိမ်းချမ်းရေး၊ ၃။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဟူသော ပါတီဦးစားပေးမူဝါဒများကို ကြေညာခဲ့သည်။ **(ကိုးကား-သျှမ်းသံတော်ဆင့်)**